**ချင်းရေးရာဝန်ကြီးဌာန**

**အရပ်ရပ်စီရင်အုပ်ချုပ်မှုဌာနခွဲ (၁)**

**(၁၉၅၉ ခုနှစ်၊ ချင်းဝိသေသတိုင်း (ကျေးရွာကောင်စီ၊ တိုက်နယ်ကောင်စီနှင့် မြို့မကောင်စီ) အိမ်ခွန်ခွဲဝေ သုံးစွဲရေး နည်းဥပဒေများ)**

**အမှတ် ၁၂**

**ရန်ကုန်မြို့၊ ၁၃၂၀ ခု၊ တပေါင်းလပြည့်ကျော် ၉ ရက်။**

**(၁၉၅၉ ခု၊ ဧပြီလ ၁ ရက်။)**

အမှတ် ၁၂။ ။ ၁၉၄၈ ခုနှစ်၊ ချင်းဝိသေသတိုင်း အက်ဥပဒေပုဒ်မ ၃၉ (၂) ဖြင့် အပ်နှင်း ထားသည့် အာဏာများကို သုံးစွဲလျက်၊ နိုင်ငံတော်သမတသည်၊ အောက်ပါနည်းဥပဒေများကို ပြုလုပ် လိုက်သည်။

**၁၉၅၉ ခုနှစ်၊ ချင်းဝိသေသတိုင်း (ကျေးရွာကောင်စီ၊ တိုက်နယ်ကောင်စီနှင့် မြို့မကောင်စီ) အိမ်ခွန်ခွဲဝေ သုံးစွဲရေး နည်းဥပဒေများ**

**အခဏ်း ၁**

၁။ ။ ဤနည်းဥပဒေများကို၊ ၁၉၅၉ ခုနှစ်၊ ချင်းဝိသေသတိုင်း (ကျေးရွာကောင်စီ၊ တိုက်နယ်ကောင်စီနှင့် မြို့မကောင်စီ) အိမ်ခွန်ခွဲဝေသုံးစွဲရေး နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ။ ဤနည်းဥပဒေများတွင်-

(က) **"အက်ဥပဒေ"**ဆိုသည်မှာ၊ ၁၉၄၈ ခုနှစ်၊ ချင်းဝိသေသတိုင်းအက်ဥပဒေကိုဆိုလိုသည်။

(ခ) **"အိမ်ခွန်"** ဆိုသည်မှာ၊ အက်ဥပဒေပုဒ်မ ၃၉ အရစည်းကြပ်ကောက်ခံသည့် အိမ်ခွန်ကိုဆိုလိုသည်။

(ဂ) **"ပုံစံ"**ဆိုသည်မှာ၊ ဤနည်းဥပဒေများတွင် ပူးတွဲထားသော ပုံစံကိုဆိုလိုသည်။

**အခဏ်း ၂**

၃။ ။ (၁) နယ်ပိုင်ဝန်ထောက်သည်၊ မိမိနယ်အတွင်းရွာများမှ၊ ကောက်ခံရရှိသည့် အိမ်ခွန်ကို၊ သက်ဆိုင် ရာပုံစံဖြင့် သီးခြားစာရင်းဖွင့်လှစ်ထားရှိပြီးလျှင်၊ ထိုအိမ်ခွန်ကို၊ အောက်ပါအတိုင်း ခွဲဝေပေးရမည်။

(က) အိမ်ခွန်ကောက်ခံသောသူကြီးများအတွက် ခိုင်ငွေ-၂၀ ရာခိုင်နှုန်း။

(ခ) ကျေးရွာကောင်စီအတွက်-၃၀ ရာခိုင်နှုန်း။

(ဂ) တိုက်နယ်ကောင်စီအတွက် -၅၀ရာခိုင်နှုန်း။

(၂) နယ်ပိုင်ဝန်ထောက်သည်၊ မိမိနယ်အတွင်းမြို့မများမှ၊ ကောက်ခံရရှိသည့် အိမ်ခွန်ကို၊ သက်ဆိုင်ရာ ပုံ စံဖြင့် သီးခြားစာရင်းဖွင့်လှစ်ထားရှိပြီးလျှင်၊ ထိုအိမ်ခွန်ကို၊ အောက်ပါအတိုင်း ခွဲဝေပေးရမည်။



Myanmar Law Information System (MLIS)

(က) အိမ်ခွန်ကောက်ခံသော မြို့မကောင်စီဥက္ကဋ္ဌအတွက် ခိုင်ငွေ-၂ဝ ရာခိုင်နှုန်း။

(ခ) မြို့မကောင်စီအတွက်-၈ဝ ရာခိုင်နှုန်း။

(၃) နယ်ပိုင်ဝန်ထောက်သည်၊ မိမိနယ်အတွင်း ကောက်ခံရန်ရှိသော အိမ်ခွန်အားလုံးကို၊ သက်ဆိုင်ရာ သူကြီးများနှင့် မြို့မကောင်စီဥက္ကဋ္ဌများက ကောက်ခံပြီးစီးသည့်အခါ၊ နည်းဥပဒေခွဲ (၁) နှင့် (၂)တွင် ဖေါ်ပြသည့်အတိုင်း အချိုးကျခွဲဝေပေးပြီး၊ သက်ဆိုင်ရာ ပုံစံများတွင် လိုအပ်သလိုဖြည့်သွင်းရေးသား၍၊ သက်ဆိုင်ရာခရိုင်ဝန်ထံသို့ အစီရင်ခံရမည့်ပြင်၊ ထိုအစီရင်ခံစာမိတ္တူများကိုတိုင်းမင်းကြီးနှင့် ချင်းရေးရာ ဝန် ကြီးဌာနသို့လည်း ပေးပို့ရမည်။

၄။ ။ (၁) အိမ်ခွန်များကို၊ ပြည်သူတို့၏ အကျိုးအတွက် သုံးစွဲနိုင်ရန်၊ ကျေးရွာများတွင်၊ ကျေးရွာကောင် စီဥက္ကဋ္ဌနှင့် ကျေးရွာကောင်စီလူကြီးအနည်းဆုံး ၂ ဦးပါဝင်သော ကျေးရွာကော်မီတီများကိုင်၎င်း၊ တိုက် နယ်များတွင်၊ တိုက်နယ်ကောင်စီဥက္ကဋ္ဌနှင့် တိုက်နယ်ကောင်စီလူကြီး အနည်းဆုံး ၂ ဦးပါဝင်သော တိုက် နယ်ကော်မီတီများကိုင်၎င်း သက်ဆိုင်ရာ ကောင်စီများက ခန့်ထားရမည်။

(၂) ကျေးရွာကော်မီတီ၏ သက်တမ်းသည်၊ ကျေးရွာကောင်စီ၏သက်တမ်းကုန်ဆုံးသည်နှင့်တပြိုင်နက် ရပ်စဲရမည်။ တိုက်နယ်ကော်မီတီ၏ သက်တမ်းသည်၊ တိုက်နယ်ကောင်စီ၏ သက်တမ်းကုန်ဆုံးသည်နှင့် တပြိုင်နက် ရပ်စဲရမည်။

**ခြွင်းချက်။** ။ သို့ရာတွင် ယင်းသို့သက်တမ်းရပ်စဲသော်လည်း၊ ထိုကျေးရွာကော်မီတီသည်၊ သို့တည်းမ ဟုတ် တိုက်နယ်ကော်မီတီသည်၊ ကော်မီတီအသစ်မခန့်ထားရသေးမီ၊ ၎င်းတို့၏ဝတ်တရားများကို ဆက် လက်ဆောင်ရွက်ရမည်။

(၃) ကျေးရွာကော်မီတီအစည်းအဝေးသို့၊ ကျေးရွာကောင်စီဥက္ကဋ္ဌအပါအဝင် ကော်မီတီလူကြီးဦးရေ ၃ ပုံ ၂ ပုံတက်ရောက်လျှင်၊ အစည်းအဝေးအထမြောက်ရမည်။ တိုက်နယ်ကော်မီတီအစည်းအဝေးသို့၊ တိုက် နယ်ကောင်စီဥက္ကဋ္ဌအပါအဝင် ကော်မီတီလူကြီးဦးရေ ၃ ပုံ ၂ ပုံ တက်ရောက်လျှင်၊ အစည်းအဝေးအထ မြောက်ရမည်။

(၄) ကျေးရွာကော်မီတီ အစည်းအဝေးတိုင်းတွင်၊ ကျေးရွာကောင်စီ ဥက္ကဋ္ဌကင်း၊ တိုက်နယ်ကော်မီတီ အစည်းအဝေးတိုင်းတွင်၊ တိုက်နယ်ကောင်စီဥက္ကဋ္ဌကင်း သဘာပတိအဖြစ် ဆောင်ရွက်ရမည်။

၅။ ။ (၁) နည်းဥပဒေ ၄ အရ ခန့်ထားသည့်-

(က) ကျေးရွာကော်မီတီများသည်၊ မိမိ၏ကျေးရွာတွင် အရေးကြီး၍ ပြည်သူတို့၏ အကျိုးဖြစ်ထွန်းစေနိုင်သည့် လုပ်ငန်းအစီအစဉ်များကို တိုက်နယ်ကောင်စီဥက္ကဋ္ဌသို့ ကြိုတင်အစီရင်ခံရမည်။

(ခ) တိုက်နယ်ကော်မီတီများသည်၊ တိုက်နယ်ကောင်စီလူကြီးများနှင့် ညှိနှိုင်းတိုင်ပင်လျက်၊ မိမိ၏တိုက်နယ်အတွင်းရှိ အရေးကြီး၍ ပြည်သူတို့၏အကျိုးဖြစ်ထွန်းစေနိုင်သည့် လုပ်ငန်းအစီအစဉ်များကို၊ နယ်ပိုင်ဝန်ထောက်ထံသို့ ကြိုတင်အစီရင်ခံရမည်။

(၂) ကျေးရွာကောင်စီဥက္ကဋ္ဌသည်၊ လုပ်ငန်းများပြီးစီးသည့်အခါ၊ နယ်ပိုင်ဝန်ထောက်က၊ ကျေးရွာကောင် စီအတွက် ခွဲဝေပေးသည့်ငွေနှင့်ကျေးရွာလူထုက ထည့်သွင်းပါဝင်သည့်ငွေအင်အား၊ လူအင်အား၊ ပစ္စည်း အင်အားအသေးစိတ်စာရင်းများနှင့် ပြေစာများကို၊ တိုက်နယ်ကောင်စီဥက္ကဋ္ဌမှတဆင့် နယ်ပိုင်ဝန်ထောက် ထံသို့ ပေးပို့အစီရင်ခံရမည်။

Myanmar Law Information System (MLIS)

(၃) တိုက်နယ်ကောင်စီဥက္ကဋ္ဌသည်၊ လုပ်ငန်းများပြီးစီးသည့်အခါ၊ နယ်ပိုင်ဝန်ထောက်က၊ တိုက်နယ် ကောင်စီအတွက် ခွဲဝေပေးသည့်ငွေနှင့် တိုက်နယ်လူထုက ထည့်သွင်းပါဝင်သည့် ငွေအင်အား၊ လူအင် အား၊ ပစ္စည်းအင်အား အသေးစိတ်စာရင်းများနှင့်ပြေစာများကို နယ်ပိုင်ဝန်ထောက်ထံသို့ ပေးပို့အစီရင် ခံရမည်။

(၄) တိုက်နယ်ကောင်စီ ဥက္ကဋ္ဌသည်၊ တနှစ်အတွင်း မိမိ၏တိုက်နယ်အတွင်း၌ ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းအမျိုးအမည်များနှင့် နယ်ပိုင်ဝန်ထောက်က၊ တိုက်နယ်ကောင်စီအတွက် ခွဲဝေပေးသည့်ငွေ၊ လူထုကထည့်သွင်းပါဝင်သည့်ငွေအင်အား၊ လူအင်အား၊ ပစ္စည်းအင်အားများကို၊ သက်ဆိုင်ရာပုံစံဖြင့် ရေးသားဖေါ်ပြလျက်၊ နယ်ပိုင်ဝန်ထောက်ထံသို့အစီရင်ခံရမည်။

## အခဏ်း ၃

၆။ ။ မြို့မများမှကောက်ခံရရှိသည့် အိမ်ခွန်ကို ပြည်သူတို့၏အကျိုးအတွက် သုံးစွဲနိုင်ရန်၊ မြို့မကောင်စီ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ငွေထိန်းနှင့် စာရင်းစစ်ပါဝင်သည့် မြို့မကော်မီတီတခုကို၊ မြို့မကောင်စီကခန့် ထား ရမည်။

၇။ ။ မြို့မကောင်စီဥက္ကဋ္ဌသည်၊ မြို့မကော်မီတီအစည်းအဝေးတိုင်းတွင်၊ သဘာပတိအဖြစ်ဆောင်ရွက်ရ မည်။

၈။ ။ (၁) မြို့မကောင်စီဥက္ကဋ္ဌသည်၊ မြို့မအတွင်းရှိ အရေးကြီး၍ ပြည်သူတို့၏ အကျိုးဖြစ်ထွန်းစေနိုင် သည့် လုပ်ငန်းအစီအစဉ်များကို၊ နယ်ပိုင်ဝန်ထောက်ထံသို့ ကြိုတင်အစီရင်ခံရမည်။

(၂) မြို့မကောင်စီဥက္ကဋ္ဌသည်၊ လုပ်ငန်းများပြီးစီးသည့်အခါ၊ နယ်ပိုင်ဝန်ထောက်က၊ မြို့မကောင်စီအ တွက် ခွဲဝေပေးသည့်ငွေနှင့် မြို့မလူထုက ထည့်သွင်းပါဝင်သည့် ငွေအင်အား၊ လူအင်အား၊ ပစ္စည်းအင် အားအသေးစိတ်စာရင်းများနှင့် ပြေစာများကို နယ်ပိုင်ဝန်ထောက်ထံသို့ ပေးပို့အစီရင်ခံရမည်။

(၃) မြို့မကောင်စီဥက္ကဋ္ဌသည်၊ တနှစ်အတွင်း မြို့မတွင် ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းအမျိုးအမည်များ နှင့် နယ်ပိုင်ဝန်ထောက်က၊ မြို့မကောင်စီအတွက် ခွဲဝေပေးသည့် ငွေ၊ လူထုကထည့်သွင်းပါဝင်သည့်ငွေ အင်အား၊ လူအင်အား၊ ပစ္စည်းအင်အားများကို သက်ဆိုင်ရာ ပုံစံဖြင့် ရေးသားဖေါ်ပြလျက်၊ နယ်ပိုင်ဝန် ထောက်ထံသို့ အစီရင်ခံရမည်။

၉။ ။ နယ်ပိုင်ဝန်ထောက်သည်၊ ကောင်စီများ၏ မည်သည့်လုပ်ငန်းကိုမဆို၊ ယေဘုယျအားဖြင့် စစ် ဆေးနိုင်သည်။

၁၀။ ။ နယ်ပိုင်ဝန်ထောက်သည်၊ မိမိနယ်နှင့်သက်ဆိုင်သော တိုက်နယ်ကောင်စီနှင့်မြို့မကောင်စီများက ဘဏ္ဍာတော်နှစ်အသီးသီးအတွင်း လုပ်ကိုင်ဆောင်ရွက်ပြီးစီးခဲ့သောလုပ်ငန်းများနှင့်စပ်လျဉ်းသည့် အစီ ရင်ခံစာနှင့်စာရင်းများကို ခရိုင်ဝန်ထံသို့ ပေးပို့ရမည်။ ခရိုင်ဝန်သည်၊ နယ်ပိုင်ဝန်ထောက်ထံမှ ရရှိသည့် အစီရင်ခံစာနှင့်စာရင်းများကို စုပေါင်း၍ တိုင်းမင်းကြီးနှင့် ချင်းရေးရာဝန်ကြီးဌာနအတွင်းဝန်ထံသို့ ပေး ပို့ရမည်။

အမိန့်အရ၊

တွမ်မှုန်း၊

အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊

Myanmar Law Information System (MLIS)

----- Attachment -----

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ပုံစံ ၁ [နည်းဥပဒေ ၃ (၁) (က) နှင့် နည်းဥပဒေ ၃ (၂) (က)]
မြို့မကောင်စီဥက္ကဋ္ဌနှင့်ကျေးရွာသူကြီးများအား ပြန်လည်ထုတ်ပေးသည့်ခိုင်ငွေစာရင်း

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 ပုံစံ ၂ [နည်းဥပဒေ ၃ (၁) (ခ) (ဂ) နှင့် နည်းဥပဒေ ၃ (၂) (ခ)] ကျေးရွာကောင်စီ / တိုက်နယ်ကောင်စီနှင့် မြို့မကောင်စီရံပုံငွေများ ထုတ်ယူရန်ပုံစံ

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 ပုံ စံ ၃ [နည်းဥပဒေ ၃ (၁)] ___________________နယ်အတွက် ကျေးရွာကောင်စီ / တိုက်နယ်ကောင်စီနှင့်မြို့မကောင်စီသို့ ခွဲဝေပေးသည့်ငွေစာရင်း

[ ပူးတွဲဖော်ပြသော စာရင်း 4 ] 04 ပုံစံ ၄ [နည်းဥပဒေ ၅ (၁) (က) (ခ) နှင့် နည်းဥပဒေ ၈ (၁)] ကျေးရွာကောင်စီ/ တိုက်နယ်ကောင်စီ/ မြို့မကောင်စီများက သက်ဆိုင်ရာသို့ ပြည်သူတို့၏အကျိုး အတွက်ဆောင်ရွက်ရန် လုပ်ငန်းအစီအစဉ်နှင့် စပ်လျဉ်းသည့် အစီရင်ခံစာ

[ ပူးတွဲဖော်ပြသော စာရင်း 5 ] 05 ပုံစံ ၅ [နည်းဥပဒေ ၅ (၂) (၃) နှင့် နည်းဥပဒေ ၈ (၂)]
နယ်ပိုင်ဝန်ထောက်ကခွဲဝေပေးသည့်ငွေ၊ လူထုကထည့်သွင်းပါဝင်သည့်အင်အားများဖြင့် လုပ်ကိုင်သည့် အလုပ်ပြီးစီးကြောင်းအစီရင်ခံစာ

Myanmar Law Information System (MLIS)